MyanmarWitness.org

**Myanmar Witness**

မတ်လ ၈ရက်နေ့၂၀၂၂ ခုနှစ်တွင် ဤအစီရင်ခံစာကို ထုတ်ဝေပါသည်။

၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် မန္တလေးမြို့၌ အမျိုးသမီးဆန္ဒပြသူ သူသူဇင်သေဆုံးမှု အခြေအနေများကို ဤအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

သတိပေးချက်- ဤအစီရင်ခံစာတွင် ဂရပ်ဖစ်ပုံများပါရှိပါသည်။

အခင်းဖြစ်ပွားသည့်နေရာ- (V) မန္တလေး၊ (21.951859၊ 96.081151)၊
ဖြစ်ပွားသည့်ရက်စွဲ/အချိန်- (V) ဇူလိုင်လ ၂၇ ရက်၊ ၂၀၂၁ ခုနှစ် နေ့လည် ၁၂ နာရီဝန်းကျင်
သက်ဆိုင်သူများ- မြန်မာလုံခြုံရေးတပ်ဖွဲ့များ

## Myanmar Witness ၏ ကောက်ချက်ချပုံများ

- ပွင့်လင်းအရင်းအမြစ် စုံစမ်းစစ်ဆေးရေးနည်းစနစ်များကို အသုံးပြု၍ တပ်မတော်ဆန့်ကျင်ရေး ဆန္ဒပြမှုအတွင်း သူသူဇင်သေဆုံးသွားသည့်နေရာကို Myanmar Witness မှ စစ်ဆေးအတည်ပြုခဲ့ပါသည်။
- ဤဩဒိနိတ်များကို ဂြိုဟ်တုဓာတ်ပုံများနှင့်အတူ အသုံးပြုသူထုတ်လုပ်လိုက်သော အကြောင်းအရာ (UGC)များအား ခွဲခြမ်းစိတ်ဖြာမှုနှင့် သတင်းနှင့်ဆိုရှယ်မီဒီယာပုံရိပ်တို့နှင့်အတူ မျက်မြင်သက်သေများ၏ နှိုင်းယှဉ်ခွဲခြမ်းစိတ်ဖြာမှုမှတဆင့် ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။
- သူသူဇင်သေဆုံးမှုသည် မြန်မာစစ်တပ်ကိုဆန့်ကျင်သည့် ဆန္ဒပြပွဲများတွင် ဒဏ်ရာရပြီး သေဆုံးခဲ့သော အများထဲမှတစ်ဦးတစ်ယောက်ဖြစ်ပြီး ၎င်းသည် စိုးရိမ်စရာအခြေအနေ တစ်ခုအနေဖြင့် ဆက်လက်ဖြစ်ပေါ်နေပါသည်။
- သူသူဇင်သည် အကြမ်းဖက်ဆန္ဒပြမှုတွင် ပါဝင်ပတ်သက်နေခြင်း (သို့မဟုတ်) လက်နက် ကိုင်ဆောင်ခဲ့ကြောင်း ဖော်ပြမည့်အချက်အလက်ကို မတွေ့ရပေ။

**စီမံကိန်း၏အဓိကအချက်အလက်များ**

၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် မန္တလေးမြို့၌ ဆန္ဒပြသူအမျိုးသမီး သူသူဇင်သေဆုံးမှု အခြေအနေအား ဤအစီရင်ခံစာတွင်မှတ်တမ်းတင်ထားပါသည်။ Myanmar Witness ၏ စုံစမ်းစစ်ဆေးမှုတွင် အကြမ်းဖက်ဆန္ဒပြမှုတွင် ပါဝင်ခဲ့ကြောင်း (သို့မဟုတ်) လက်နက်ကိုင်ဆောင်ခဲ့ကြောင်း အထောက်အထား မတွေ့ရှိရပေ။ ဆန္ဒပြပွဲမှာပါဝင်ခဲ့တဲ့ သူသူဇင်ဟာ သေနတ်နဲ့ပစ်သတ်ခံခဲ့ရတယ်လို့ Myanmar Witness က အတည်ပြုပါတယ်။ ယင်းက အကြမ်းမဖက်သော ဆန္ဒပြသူများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ အာဏာသိမ်းကတည်းက စစ်တပ်၏ ပြင်းထန်စွာတိုက်ခိုက်မှုကို ခံခဲ့ရကြောင်း ဆက်လက်ဖော်ပြနေပါသည်။ ထို့အပြင် ဤအစီရင်ခံစာသည် မြန်မာနိုင်ငံရှိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို မှတ်တမ်းတင်ထားသည့် Myanmar Witness ၏ မှတ်တမ်းတစ်ခုဖြစ်ပြီး လွတ်လပ်စွာစုရုံးဆန္ဒပြခွင့်ကို ကျင့်သုံးသည့် အရပ်သားများအပေါ် အကြမ်းဖက်မှုကို သရုပ်ပြထားသည်။ ဆန္ဒပြပွဲအပြီးတွင် သူသူဇင်၏ရုပ်အလောင်းကို တပ်မတော်မှသယ်ယူသွားသော်လည်း မိသားစုထံ ပြန်လည်ပေးအပ်ခြင်းမရှိကြောင်း မီဒီယာများက ဖော်ပြခဲ့ကြပါတယ်။ သူမသေဆုံးပြီးတဲ့ ရက်ပိုင်းမှာ သူသူဇင်အတွက် သူ့ရဲ့ကိုယ်ပိုင်ပစ္စည်းတွေကိုထည့်သွင်းပြီး ဈာပနလေးတစ်ခုကျင်းပခဲ့ကြပါတယ်။

**နိဒါန်း**

Myanmar Witness မှ စုဆောင်းသိမ်းဆည်းထားသည့် အချက်အလက်များတွင် သူသူဇင်သည် မန္တလေးတွင် ဒီမိုကရေစီလိုလားသော၊ အာဏာသိမ်းမှုဆန့်ကျင်ရေး ဆန္ဒပြပွဲငယ်တစ်ခု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ဖြစ်ကြောင်းဖော်ပြနေပါသည်။ ထိုအဖွဲ့သည် မန္တလေးမြို့ရှိ ဆင်ခြေဖုံးရပ်ကွက်များ (သို့မဟုတ်) ဈေးများ၊ လူစည်ကားသောနေရာများတွင် မကြာခဏ ချီတက်လေ့ရှိကြောင်း အောက်ပုံ ၁ တွင်ပြသထားသည်။ ထိုအဖွဲ့၏ပုံများကို ၂၀၂၁ ခုနှစ်၊ မေလ ၂၂ ရက်၊ ၂၀၂၁ ခုနှစ် ဇွန်လ ၁၉ ရက်နေ့ နှင့် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့များတွင် လူမှုကွန်ရက်ပေါ်တွင် မြင်တွေ့နိုင်သည်။



ပုံ ၁- ဆန္ဒပြလှုပ်ရှားမှုပုံရိပ်နှင့် ထင်ရှားသောအလံ (မြတောင်သပိတ်တပ်ဦး)။

ထိုအဖွဲ့သည် အလံများမီးရှို့သည့်အချိန်တွင် (ပုံ ၂၊ ဇူလိုင် ၂၅၊ ၂၀၂၁)၊ Myanmar Witness မှသတ်မှတ်ထားသော User Generated Content (UGC) အရ လက်နက်ကိုင်ဆောင်ခြင်း (သို့မဟုတ်) အကြမ်းဖက်သည်ဟုဆိုသော အရိပ်အယောင်မတွေ့ရပါ။




ပုံ၂ - သူသူဇင်နှင့် အခြားဆန္ဒပြသူများနှင့် ဆက်စပ်သည့်ဆန္ဒပြပွဲများတွင် မီးရှို့ခံရသည့် မြန်မာတပ်မတော်အလံပုံ။

[Progressive Voice](#) မှ သူသူဇင်၏ဆွေမျိုးများနှင့် တွေ့ဆုံမေးမြန်းရာတွင် ဆန္ဒပြလှုပ်ရှားမှုတွင် ပါဝင်ပတ်သက်မှုနှင့် သူမ၏လုံခြုံရေးအတွက် ဆန္ဒပြပွဲများတွင် ပါဝင်ခြင်းမပြုရန် သူမ၏မိသားစုက တားမြစ်ခဲ့ကြောင်း ဖော်ပြထားပါသည်။

**သူသူဇင် သေဆုံးခြင်းအကြောင်း သုံးသပ်ခြင်း။**

**နေရာသတ်မှတ်အတည်ပြုခြင်း**

၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် မန္တလေးမြို့ မြတောင် သပိတ်စစ်ကြောင်းတွင် သူသူဇင်သည် ရှေ့ဆုံးမှအလံကိုကိုင်ဆောင်ကာ လိုက်ပါခဲ့ကြောင်း သူငယ်ချင်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံမေးမြန်းမှုများအရ သိရပါသည်။ သူသူဇင်၏တည်နေရာကို ဇူလိုင်လ ၂၇ ရက်၊ ၂၀၂၁ ခုနှစ်တွင် စုဆောင်းထားသောUGC၏ အနည်းဆုံးအပိုင်းတစ်ပိုင်းရှိ အောက်ဖော်ပြပါ (ပုံ၃) ဂြိုလ်တုပုံရိပ်များအား နှိုင်းယှဉ်ခွဲခြမ်းစိတ်ဖြာပြီး ပြန်လည်တည်ဆောက်ထားပါသည်။ သူသူဇင်ကို Winnie the Pooh တီရှပ် ဝတ်ဆင်ထားတဲ့ အနီးဆုံးပုံမှာ မြင်တွေ့နိုင်ပါသည်။




ပုံ ၃ - သူသူဇင်သည် မြတောင်သပိတ်စစ်ကြောင်းရှေ့တွင် အလံကိုင်ထားသည်။ အဖြူလိုင်းများသည် ဓာတ်ပုံမှမြင်ရသည့် မြင်ကွင်းဘက်ကိုညွှန်ပြပြီး မျဉ်းကြောင်းများဆုံသည့်နေရာတွင် သူသူဇင်ကိုပြသပါသည်။

သပိတ်စစ်ကြောင်းသည် နေ့လယ် ၁၂ နာရီခန့်တွင် မဟာမုနိဘုရားအရှေ့ဘက်မုဒ်ဝသို့ အရောက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆန္ဒပြသူများကို ပစ်ခတ်ခြင်းတွင် ဦးခေါင်းကိုသေနတ်မှန်ခဲ့ကြောင်း

Progressive Voice, Myanmar Now နှင့် KhitThit News မှ မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များအရ သိရပါသည်။ အခြားဆန္ဒပြသူနှစ်ဦးကိုလည်း ယင်းဖြစ်ရပ်တွင် ပစ်သတ်ခံခဲ့ရကြောင်း သတင်းရရှိပါသည်။

အရိပ်ထောင့်များကိုအခြေခံ၍ ပွင့်လင်းအရင်းအမြစ်အတည်ပြုခြင်း (ပုံ ၄)သည် UGC ၏ နောက်ဆုံးဖော်ထုတ်ထားသောအပိုင်းကိုညွှန်ပြပြီး ၎င်းတွင် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့ နံနက် ၁၁နာရီ မှ ၁၂ နာရီ ၃၀မိနစ် ကြားတွင် သူမကိုပုံဖော်ထားပါသည်။




ပုံ ၄- သူသူဇင် အသက်ရှင်နေသည်ဟု နောက်ဆုံးသိရှိထားသောပုံနှင့် နေရာ။ အဝါရောင်မျဉ်းများသည် ပုံအားအချိန်သတ်မှတ်ရန် အသုံးပြုခဲ့သောအရိပ်များကိုညွှန်ပြပါသည်။ ထိပ်တန်းရုပ်ပုံထည့်သွင်းခြင်း- နေ၏တည်နေရာမှအချိန်ကို ဆုံးဖြတ်ရန်အတွက် အသုံးပြုသည့် SunCalc မှ ဖန်သားပြင်ဓာတ်ပုံ။

Myanmar Now ၏အဆိုအရ သူသူဇင်၏မိသားစုသည် သူသူဇင်အား သေနတ်ဖြင့်ပစ်ခတ် ဖမ်းဆီးခြင်းခံရကြောင်း အစပိုင်းတွင်ကြားသိခဲ့ရသော်လည်း ဆိုရှယ်မီဒီယာပေါ်တွင် သူမ၏ ရုပ်အလောင်းကို တွေ့လိုက်ရသောအခါတွင်မှ သေဆုံးသွားခြင်းဖြစ်ကြောင်းသိခဲ့ရပါသည်။ (ပုံ ၅၊ ဘယ်)။

ခန္ဓာကိုယ်ပေါ်ရှိအဝတ်အစားများသည် သပိတ်စစ်ကြောင်းထိပ်တွင် အလံကိုင်ဆောင်ထားသည့် အထက်ပုံတွင်မြင်ရသည့် အဝတ်အစားနှင့်ကိုက်ညီမှုရှိသည်ကို သတိပြုပါ။ သနပ်ခါးလိမ်းထား

ပုံသည် အထက်လူ၏ သနပ်ခါးလိမ်းထားသည်နှင့်လည်း ကိုက်ညီပါသည်။ ဤကိုက်ညီမှုကို အောက်ဖော်ပြပါ ပုံ ၅ တွင် ထပ်မံတွေ့ရှိနိုင်ပါသည်။



ပုံ ၅- သုသူဇင်၏ ဘယ်ဘက်ခြမ်း (Khit Thit Media)။ ညာဘက်တွင် သူသူဇင် အသက်ရှင်လျက် နောက်ဆုံး ဖော်ထုတ်ထားသည့် ရုပ်ပုံဖြစ်ပါသည်။

Khit Thit News မှ မန္တလေးမြို့တော်သံဃာသမဂ္ဂမှ သံဃာတစ်ပါးအား တွေ့ဆုံမေးမြန်းရာ သူသူဇင်နှင့် အခြားဆန္ဒပြသူများ အပစ်ခံရသည့်နေရာဖြစ်သည့် မဟာစေတီအရှေ့ဘက် မျက်နှာစာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သဲများဖြင့်ဖုံးလွှမ်းထားကြောင်းသိရပါသည်။ ပုံ ၆ တွင် မဲမဲအစွန်းအထင်းများသည် မြေပြင်ပေါ်တွင် သဲများဖို့ထားခြင်းဖြစ်ပြီး သပိတ်ဧရိယာအတွင်း လှုပ်ရှားခဲ့သည့် သူသူဇင်၏တည်နေရာနှင့် ဘုန်းကြီးပြောပြသည့် အဖြစ်အပျက်နှင့်တည်နေရာ ဖော်ပြချက်တို့သည် လိုက်ဖက်ညီစွာပြသထားသည်။




ပုံ ၆- သူသူဇင်၏ နောက်ဆုံးသိထားသောတည်နေရာဖြစ်သည့် ကိုသြဒိနိတ် [21.952024° 96.081111°]သည် မြေပြင်ပေါ်တွင် အနက်ရောင်အစွန်းအထင်းများဖြစ်သည့် ဖုံးအုပ်ထားသော သဲပုံဖြစ်သည်။ အဖြူရောင်မျဉ်းများသည် သဲများပုံထားရာနေရာ၊ ဓာတ်ပုံဘက်မှမြင်ရသော မြင်ကွင်းဘက်ကို ပြသသည်။

သူသူဇင်နှင့်အခြားကျဆုံးသည့် ဆန္ဒပြသူများ၏ရုပ်အလောင်းကို စေတီတော်ဝင်းအတွင်းသို့ ဆွဲချသွားကြောင်း Myanmar Now မှ မျက်မြင်သက်သေများ၏ ထွက်ဆိုချက်အရ သိရပါသည်။

ဇူလိုင်လ ၂၇ ရက်၊ ၂၀၂၁ ခုနှစ်တွင် အတည်ပြုထားသော UGC သည် ပထဝီဝင်နေရာသတ်မှတ်ထားသော သူသူဇင်အပစ်ခံရသည့်နေရာ UGC (ပုံ ၇အေ ကိုကြည့်ပါ) စေတီတော်ရှေ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ (အနီကွက်ဖြင့်) လေးလံသည့်အရာဝတ္ထုများ တင်ဆောင်ထားသော ဘီးတပ်ယာဉ် (အပြာရောင်ကွက်ဖြင့်)။



ပုံ ၇အေ - ၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့၊ သူသူဇင်လှုပ်ရှားပြီး အသတ်ခံရသည့်နေရာတွင် လက်နက်ကိုင်အဖွဲ့အစည်းများအား ဖော်ထုတ်ခြင်း။ (နေ့ရက်တူညီသည်)



ပုံ ၇ဘီ - ပုံ ၇အေ ၏ရှုထောင့်ကိုကိုယ်စားပြုသော ဂြိုလ်တုရုပ်ပုံနှင့် ဂရပ်ဖစ်။

**အချိန်သတ်မှတ်ခြင်း**

အထက်ပါပုံပါ အရိပ်များအရ ဇူလိုင်လ ၂၇ ရက်နေ့ နေ့လယ်ပိုင်းလောက်က ရိုက်ကူးခဲ့တာ ဖြစ်ပြီး သူသူဇင် အသက်ရှင်လျက် နောက်ဆုံးဓာတ်ပုံရိုက်ပြီးတဲ့ အချိန်ဖြစ်နိုင်ပါသည်။



ပုံ ၇စီ- သူသူဇင်အသတ်ခံရသည့်နေရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များရှိနေခြင်းကို ပြသသည့်ပုံ၏ အချိန်သတ်မှတ်ချက်။ မြှားများသည် အရိပ်များ၏ ဦးတည်ရာကို ပြပါသည်။

သူသူဇင်၏ ရုပ်အလောင်းနှင့်/သို့မဟုတ် အရိုးပြာများကို မိသားစုထံ ပြန်လည်ပေးအပ်ခြင်းမရှိကြောင်းနှင့် စျာပနအခမ်းအနား (ဇူလိုင် ၂၉ ရက်၊ ၂၀၂၁ ခုနှစ်) တွင် အလောင်းမပါဘဲ ကျင်းပခဲ့ကြောင်း Progressive Voice, Khit Thit News နှင့် Myanmar Now တို့ကဖော်ပြပါသည်။

**ဖြစ်ရပ်၏ဖြစ်စဉ်များအားယူဆချက်**

Progressive Voice နှင့် Myanmar Now တို့က ဆန္ဒပြပွဲများတွင် သူသူဇင်ပါဝင်ခဲ့ပုံ၊ တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်လာပုံနှင့် သူသူဇင်၏သူငယ်ချင်းများနှင့် မိသားစုမှတဆင့် တွေ့ဆုံမေးမြန်းမှုများမှ သူမသေဆုံးမှုအကြောင်း အသေးစိတ်အချက်အလက်များကို မှတ်တမ်းတင်ထားပါသည်။ “စစ်တပ်က အာဏာသိမ်းဖို့ကြိုးပမ်းမှုဟာ သူမကိုစစ်အစိုးရကိုတွန်းလှန်ဖို့ စိတ်အားထက်သန်လာခဲ့တဲ့ တက်ကြွလှုပ်ရှားသူအဖြစ် ပြောင်းလဲသွားတယ်လို့ သူမကိုသိတဲ့

မိတ်ဆွေတွေနဲ့ ဆွေမျိုးတွေက ပြောကြပါတယ်။ သူမသည် သူမ၏မြို့၌ အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် အပြည့်အဝမြှုပ်နှံရန် အလုပ်မှထွက်ခဲ့ပါတယ်။”

သူငယ်ချင်းများ၊ မိသားစုများနှင့် တွေ့ဆုံမေးမြန်းမှုများကို မီဒီယာအစီရင်ခံမှုများတွင် အောက်ပါအတိုင်းတွေ့မြင်ရပါသည် -

- သူသူဇင်သည် သံဃာတော်များ ဦးဆောင်သည့် နာမည်ကြီး မြတောင်သပိတ်စစ်ကြောင်းတွင် ပါဝင်ခဲ့သည်- Progressive Voice
- ပစ်သတ်ခံရသည့်နေ့တွင် သပိတ်စစ်ကြောင်းရှေ့တွင် အလံကိုင်ဆောင်ကာ ကြွေးကြော်သံများ အော်ဟစ်ပြောဆိုခဲ့သည်ဟု သူငယ်ချင်းဖြစ်သူပြော - Progressive Voice
- သူသူဇင်ကို နောက်ဆုံးတွေ့လိုက်ရချိန်မှာ စစ်တပ်ကလူအုပ်ကို ၃ ချက်ပစ်ခတ်ပြီးနောက် မဟာမုနိဘုရားအရှေ့ဘက် တံခါးရှေ့မှာ မြေပေါ်လဲကျသွားတယ် - Progressive Voice
- “သေနတ်သံကြားတာနဲ့ သူမလဲကျတာကိုမြင်တယ်။ ငါတို့လည်း ငါတို့ဘဝအတွက် ပြေးနေတာမို့ သူ့အတွက်ငါတို့ဘာမှလုပ်မပေးနိုင်ဘူး။ သူ့ခန္ဓာကိုယ်ကိုတောင် ပြန်မရနိုင်တော့ဘူး” - Progressive Voice
- ပြောင်အဝတ်အစားဝတ်ထားတဲ့ မြန်မာစစ်တပ်က ကျည်ဆန်တွေနဲ့ပစ်ခတ်ပြီး ထွက်ပြေးဖို့ ကြိုးစားတဲ့ အမျိုးသား ၂ ဦးနဲ့ အမျိုးသမီးတဦး သေနတ်ထိမှန် - Myanmar Now
- သေဆုံးသူများထဲမှ တစ်ဦးမှာ အသက် ၂၅ နှစ်အရွယ် သူသူဇင်ဖြစ်ပြီး ဦးခေါင်းတွင် သေနတ်ထိမှန်ကာ ချက်ခြင်းသေဆုံးသွားကြောင်း သိရသည်။ လည်ပင်းမှာသေနတ်နဲ့ ပစ်ခံရတဲ့ အမျိုးသားနှစ်ဦး အသက်ရှင်နေသေးလားဆိုတာ မသိရသေးပါဘူး။ - Myanmar Now
- “ဘုရားရှေ့မှာတွေ့တဲ့ ဈေးသည်တချို့ရဲ့အဆိုအရတော့ သုံးယောက်စလုံးသေနတ်နဲ့ ပစ်သတ်ခံရတာ ဖြစ်နိုင်တယ်။ လဲကျသွားပြီး ချက်ချင်းပဲ ဘုရားဝင်းထဲကိုဆွဲခေါ်သွားတာ” - Myanmar Now
- အဆိုပါ အမျိုးသမီးငယ် အသတ်ခံရသည့်နေ့တွင် ၉၁၀ မန္တလေးနန်းတော်နှင့် အရှေ့ဘက် တောင်ကုန်းများကို သိမ်းပိုက်ထားသည့် အင်ဂျင်နီယာတပ်ရင်း- ရဲတပ်ဖွဲ့က အတည်ပြုခဲ့သော်လည်း အလောင်း သို့မဟုတ် ပြာများကို မိသားစုထံပြန်လည် ပေးအပ်မည် မဟုတ်ကြောင်းပြော - Progressive Voice
- သူသူဇင်သည် သေနတ်ဖြင့်ပစ်သတ်ခံရကြောင်း မိသားစုဝင်များက ကနဦးကြားသိရပြီး ဆိုရှယ်မီဒီယာတွင် သူမ၏ ရုပ်အလောင်းကို မြင်တွေ့ရသောအခါတွင် သေဆုံးသွားကြောင်း သိရသည် - Myanmar Now

- မန္တလေးမြို့ အေးရိပ်ငြိမ်သုသာန်မှာ ကြာသပတေးနေ့ မနက်အရုဏ်တက်ချိန်မှာ အသက် ၂၅ နှစ်အရွယ် မသူသူဇင်ရဲ့အရိုးပြာများအစား သူ့ရဲ့ကိုယ်ပိုင်ပစ္စည်းတွေကိုထည့်သွင်းပြီး သင်္ချိုင်းမှာ မြှုပ်နှံထားပါတယ်။ - [Myanmar Now]

**နိဂုံး**

Myanmar Witnessသည် ဤအစီရင်ခံစာထုတ်ပြန်ရာတွင် သူသူဇင်သည် အကြမ်းဖက်ဆန္ဒပြမှုတွင် ပါဝင်ပတ်သက်ခြင်း (သို့မဟုတ်) လက်နက်ကိုင်ဆောင်ခြင်း ဖြစ်သည်ဟု ဖော်ပြထားသည့် ဤအစီရင်ခံစာတွင်ရှိသော အကြောင်းအရာတစ်ခုမှ အားကိုးအားထားခြင်း မရှိကြောင်း ဖော်ပြထားပါသည်။ ယင်းက အကြမ်းမဖက်သောဆန္ဒပြသူများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ အာဏာသိမ်းကတည်းက စစ်တပ်၏ပြင်းထန်စွာတိုက်ခိုက်မှုကို ခံခဲ့ရကြောင်း ဆက်လက ဖော်ပြနေပါသည်။ ထို့အပြင် ဤအစီရင်ခံစာသည် မြန်မာနိုင်ငံရှိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို မှတ်တမ်းတင်ထားပြီး လွတ်လပ်စွာစုဝေးခွင့်နှင့် ဖွဲ့စည်းခွင့်ကိုကျင့်သုံးသည့် အရပ်သားများအပေါ် အကြမ်းဖက်မှုကို သရုပ်ပြသည့် မှတ်တမ်းတစ်ခုဖြစ်ပါသည်။ UGC သည် ဆန္ဒပြသူများအား စစ်တပ်မှအမှန်တကယ်ပစ်ခတ်မှုအား သရုပ်ဖော်နိုင်ခြင်းမရှိသော်လည်း၊ အတည်ပြုနိုင်သောအချက်အလက်များနှင့် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များအပေါ် အခြေခံ၍ ဤပစ်ခတ်မှုသည်၎င်းတို့နှင့် သက်ဆိုင်သည်ဟု ကျိုးကြောင်းဆီလျော်စွာ နိဂုံးချုပ်နိုင်ပါသည်။